ယုံကြည်ခြင်းသည် ဘုရားသခင်အား အသိဉာဏ်ဖြင့် ယုံကြည်ခြင်းထက် သာလွန်သည်မှာ အမှန်ပင် ဖြစ်သည်။ ၎င်းသည် ဘုရားသခင်နှင့် အလွန်နီးကပ်သောကြောင့် ဝမ်းနည်း ပူဆွေးချိန်နှင့် ကပ်ဆိုက်သောကာလ၊ ဘေးအန္တရာယ်ရောက်သည့် ကာလများတွင် ဘုရားသခင်၏ ချစ်ခြင်းနှင့် ဂရုစိုက် ကြည့်ရှုစောင့်ရှောက်ခြင်းတို့ကို တွေ့ကြုံခံစားရနိုင်သည်။ ဤကဲ့သို့သော စောင့်ရှောက်ကြည့်ရှုခြင်းကို တိုက်ဆိုင်မှုဟု ခေါ်ဆိုခြင်းက ထင်သာမြင်သာသော အဖြစ်မှန်ကို ငြင်းပယ်ခြင်းပင်ဖြစ်သည်။

# သေးငယ်သော အမျိုးသမီး ၊ ကြီးမားသော ယုံကြည်ခြင်း

ဒစ်(ခ)နှင့် မာဂရက်ဟေးလစ်(စ)တို့သည် ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တို့ တရုတ်ပြည်ကို ကျူးကျော်ဝင်ရောက်ချိန်က မိမိတို့သည် တရုတ်ပြည်အတွင်း ပိတ်မိနေကြောင်း တွေ့လိုက်ရသည့် ဆက်ကပ်ထားသော ခရစ်ယာန် နှစ်ဦး ဖြစ်ကြသည်။

ထိုဇနီးမောင်နှံသည် သူတို့၏ ကလေးငယ်နှစ်ဦးနှင့်အတူ တရုတ်ပြည်၏ ကုန်းတွင်းမြို့ဖြစ်သည့် ရှန်ကျူးမြို့တွင် နေထိုင်ခဲ့ပါသည်။ နေ့စဉ် ဂျပန်တပ်များ ချီတက်လာခြင်းသတင်းကြောင့် ရွာကလေးသည် ကြောက်ရွံ့စရာများ ဖိစီးနေပါသည်။ အဆိုးဝါးဆုံးအချိန်၌ ဒစ်၏ အူအတက်ရောင်ရောဂါသည် ပိုမိုပြင်းထန်လာပြီး သူ၏အသက်သည် လန်ချားဖြင့် ဆေးရုံသို့ ခရီးဝေး နှင်ရခြင်းအပေါ်၌ တည်နေကြောင်း သူသိခဲ့ပါသည်။ (၁၉၄၁)ခုနှစ်၊ ဇန်နဝါရီလ (၁၅)ရက်နေ့တွင် သူ့အား ဆေးရုံသို့ ထွက်ခွာသွားခြင်းအား စိတ်တထင့်ထင့်ဖြင့် မာဂရက် စောင့်ကြည့်ခဲ့ရပါသည်။

မကြာမီ တရုတ်ဗိုလ်မှူးကြီးတစ်ယောက် ရောက်ရှိလာပြီး ရန်သူများသည် နီးကပ်လာ၍ မြို့နေလူထုအား ဘေးကင်းရာသို့ ပြောင်းရွှေ့ရန် အကြံပေးပါသည်။ မာဂရက်သည် သူမ၏ တစ်နှစ်အရွယ် သားဂျော်နီနှင့် (၂)လအရွယ် သမီးငယ် မာဂရက်အန်းတို့သည် ဒုက္ခသည်များအဖြစ် အသက်ရှင်ကျန်ရစ်မည်မဟုတ်ကြောင်းကိုသိ၍ ကျောချမ်းနေပါသည်။ ထို့ကြောင့်သူမသည် ထိုနေရာ၌ပင်နေရန် ရွေးချယ်ခဲ့ပါသည်။ နောက်တစ်နေ့ နံနက်စောစောတွင် သူမသည် နံရံကပ်ပြက္ခဒိန်မှ စာမျက်နှာတစ်မျက်နှာကို ဆုတ်ဖြဲပြီး နေ့သစ်တွင် ဖတ်ရမည့် သမ္မာကျမ်းစာကို ဖတ်ရှုကြည့်လိုက်ပါသည်။ ထိုကျမ်းပိုဒ်မှာ "အကျွန်ုပ်သည် ကြောက်ရွံ့သောအခါ ကိုယ်တော်၌ ခိုလှုံပါမည်" (ဆာလံ ၅၆း၃)ဖြစ်ပါသည်။

ထိုနေ့တစ်နေ့လုံး မြို့တွင်း၌ လူသူ ကင်းမဲ့နေပြီး နောက်တစ်နေ့ နံနက်တွင် သူမသည် စွန့်ပစ်ခြင်းခံရသကဲ့သို့ ခံစားရလျက် အိပ်ယာမှ နိုးထလာခဲ့ပါသည်။ ပြက္ခဒိန်ပေါ်ရှိ ကျမ်းပိုဒ်အသစ်မှာ "နာမတော်ကို သိသောသူတို့သည် ကိုယ်တော်ကို ယုံကြည်ကြပါလိမ့်မည်။ အကြောင်းမူကား အိုထာဝရဘုရား ကိုယ်တော်ကို ရှာသောသူတို့ကို စွန့်ပစ်တော်မမူတတ်ပါ။ (ဆာလံ ၉း၁၀)။

နောက်တစ်နေ့ နံနက်တွင် သူမသည် ဝေးကွာသော နေရာမှ သေနတ်သံကိုကြားရပြီး သူမ၏ကလေးများ စားစရာအတွက် ပူပန်ခဲ့ရပါသည်။ ပြက္ခဒိန်ပေါ်မှ ကျမ်းချက်မှာ "သင်တို့နှင့် သူငယ်များကို ကျွန်ုပ်ကျွေးမွေးမည်" (ကမ္ဘာ ၅၀း၁၂)။

အဖွားအိုတစ်ဦးသည် ရှုတ်တရက် ဆိတ်နို့တစ်ပုံးဖြင့် ရောက်ရှိလာပြီး အခြား ကျန်ရစ်နေခဲ့သူတစ်ဦးက ကြက်ဥတစ်ခြင်းဖြင့် ရောက်ရှိလာခဲ့ပါသည်။

တစ်နေ့လုံး စစ်ပွဲအသံသည် ကျယ်လောင်စွာ ထွက်ပေါ်နေပြီး ညပိုင်းအချိန်၌ မာဂရက်သည် လွတ်မြောက်ခြင်းအတွက် ဆုတောင်းခဲ့ပါသည်။ နောက်တစ်နေ့နံနက်တွင် သူမသည် ပြက္ခဒိန် ကို ဆွဲဖြဲလိုက်ပြီး ဖတ်ရန် ကျမ်းပိုဒ်ကိုကြည့်ရာ "ငါအော်ဟစ်သောအခါ ရန်သူတို့သည် လှန်ခြင်းကို ခံရကြမည်ကို ငါသိ၏" (ဆာလံ ၅၆း၉) ။

စစ်ပွဲသည် ကြောက်မက်ဖွယ်ရာ နီးကပ်လာခဲ့ပြီး မာဂရက်သည်ထိုညအိပ်ယာမဝင်ခဲ့ပါ။မြို့တွင်းသို့ဂျပန်များကျူးကျော်ဝင်ရောက်အံ့ဆဲဆဲဖြစ်ပါသည်။ သို့သော် နောက်တစ်နေ့ နံနက်တွင် အားလုံးတိတ်ဆိတ်နေပါသည်။ ရုတ်တရက်ဆိုသလို ရွာသားများသည် ၎င်းတို့အိမ်များသို့ ပြန်ရောက်လာကြပြီး ဗိုလ်မှူးကြီးတစ်ဦးက တံခါးကို လာခေါက်ပါသည်။ သူက သူမအား ပြောပြသည်မှာ ဂျပန်စစ်တပ်များ သည် ပြန်လည် ဆုတ်ခွာသွားပြီဟူသည့် အကြောင်းပင်ဖြစ်သည်။ မည်သူမျှ မယုံကြည်နိုင်ကြပါ။ သို့သော် အန္တရာယ်ကား လွန်မြောက်သွားခဲ့ပါပြီ။ သူတို့အားလုံး ဘေးကင်းခဲ့ပါပြီ။

မာဂရက်သည် နံရံရှိ ပြက္ခဒိန်ကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီး သူမသည် ဘုရားသခင်၏ လက်ရေးကို ဖတ်လိုက်ရပါသည်။ ဘုရားသခင်သည် သူတို့နှင့်အတူ နေ့စဉ် ရှိခဲ့ပါသည်။ မာဂရက်၏ ဘုရားသခင်၌ ယုံကြည်ခြင်းသည် သူမ၏ ကြောက်ရွံ့ခြင်းထက်ပို၍ အင်အားကြီးမားပြီး ဘုရားသခင်သည် သူမအား မကျရှုံးစေခဲ့ပါ။

?

တိုက်ဆိုင်မှု ဟူသည်မှာ အဘယ်နည်း? ဟု သင်မေးလာသောအခါ ဘုရားသခင်၏ လုပ်ဆောင်မှု မဖြစ်နိုင်ဖူးလား? ဟုတ်ပါသည်ဟု ယုံကြည်ခြင်းက သင်္ဘောတူပါလိမ့်မည်။